

mgyoe.com SAMPLE BOOK

# သူ့ကို ကိုယ်ကြည့် ကိုယ့် သူကြည့်နဲ့

စမ်းစမ်းနွဲ့ (သာယာဝတီ)



mgyoe.com SAMPLE BOOK



Illustrated by mar na

သူ့ကိုကိုယ်ကြည့်၊ကိုယ့်သူကြည့်_4500MMK

9 447026 026781

mgyoe.com

mgyoe.com SAMPLE BOOK

ဇလပ်နီစာပေမှ
စမ်းစမ်းနွဲ့(သာယာဝတီ)၏ ထွက်ရှိပြီး စာအုပ်များ

၁။ ရှက်လွှင့်ရေဆန် ၇၅
၂။ နှင်းဆီတြေးမုံ မဂ္ဂဇင်းဝတ္ထုရှည်များ
၃။ စတားမပြောနဲ့တဲ့ ...
ယခု–
၄။ သူ့တိုယ် တိုယ်ကြည့် တိုယ့်သူကြည့်နဲ့
ဆက်လက်၍
၅။ ချစ်လတ်စ မတုန်ချင်ဘူးတွယ် မဂ္ဂဇင်းဝတ္ထုတိုများ



mgyoe.com

mgyoe.com SAMPLE BOOK



ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ဩဂုတ်လ၊ ၂၀၂၃၊ ဇလပ်နီစာပေ |
| သူ့ကို ကိုယ်ကြည့်... | | |
| ကိုယ့်သူကြည့်နဲ့ | - | စမ်းစမ်းနွဲ့(သာယာဝတီ) |
| မျက်နှာဖုံးဒီဇိုင်း | - | စာယာ |
| အတွင်းသရုပ်ဖော် | - | ရှာန်ရဲထွင့် |
| စာတည်း | - | ဇာသစ်ထွန်း |
| အတွင်းအပြင်အဆင် | - | ဇလပ်နီ |
| စာအုပ်ချုပ် | - | မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း |
| အုပ်ရေ | - | ၁၀၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၈၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇ |
| | | *www.zalatnisarpay.com* |
| ရောင်းဈေး | - | ၄၅၀၀ ကျပ် |

ဦးခင်းထတ်ဟန်၊ ထောင်ဇလပ်နီစာပေ (၀၂၇၇၄) အမှတ် ၁၅၊ ရန်ပြေ ၁၁ လမ်း၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်မျိုးမျိုးသန်း၊ မျိုးမျိုးပုံနှိပ်တိုက် (၀၁၅၃၃)၊ အမှတ် (၁၁)၊ ၅၆ လမ်း၊ ဗိုလ်ချုပ်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

၈၀၈.၈၄

စမ်းစမ်းနွဲ့(သာယာဝတီ)

သူ့ကို ကိုယ်ကြည့်...ကိုယ့်သူကြည့်နဲ့၊ စမ်းစမ်းနွဲ့(သာယာဝတီ)-

ရန်ကုန်။ ဇလပ်နီစာပေတိုက်၊ ၂၀၂၃။


စာ-၁၁၈ ၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) သူ့ကို ကိုယ်ကြည့်...ကိုယ့်သူကြည့်နဲ့၊

mgyoe.com

mgyoe.com SAMPLE BOOK

ဇလပ်နီစာအုပ် အမှတ် - ၈၁




ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| - | သူ့ကို ကိုယ်ကြည့်၊ ကိုယ့်သူကြည့်နဲ့... | ၉ |
| ၁။ | အနီတဝက် အနက်တခြမ်း | ၁၂ |
| ၂။ | လှော် လှော် လှေကိုလှော် မြစ်ကို ဆန်တက်မည် | ၄၄ |
| ၃။ | မှူးမှူးရှူးရှူး | ၈၂ |




mgyoe.com

mgyoe.com SAMPLE BOOK

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

## သူ့ကို ကိုယ်ကြည့် ကိုယ့်သူကြည့်နဲ့

တန်ဖိုးထား ချစ်ခင်ရသူ သုံးဦး၏ ဘဝတစိတ်တပိုင်းကို ရင်ထဲက သွန်ချဖူးသည့် ဝတ္ထုရှည် သုံးပုဒ်။

အတိတ်နှစ်များစွာက ကျွန်မတို့တတွေ ရင်းနှီးပေါင်းစည်းခဲ့ဖူး သော်လည်း အတွေးမတူ၊ အယူအဆ မညီမျှခဲ့ကြပါ။ သို့သော်လည်း ယုံ ကြည်ရာမှာ တဦးကိုတဦး ဖေးမ အားဖြည့်ခဲ့ကြရင်း အပြန်အလှန် လေးစား နားလည်ခဲ့ကြသည်ကို တွေးမိတိုင်း လွမ်းဖွယ်...။

တခုတည်းသော ပန်းတိုင် တူကြသော်လည်း လျှောက်လမ်းက ကွဲပြား ခြားနားလေတော့ ကျွန်မတို့တတွေ ဝေးလိုက် နီးလိုက်၊ ကွယ်လုလု ပျောက်သွားလိုက်၊ မြင်ကွင်းမှာ ဘွားခနဲ ပြန်ပေါ်လာလိုက်။

အတော်ရှည်လျားခဲ့သော ခရီးစဉ်မှာ တယောက်နှင့် တယောက် မေ့မထား၊ မေ့မသွားဘဲ သူ ဘယ်လို နေလဲ၊ ဘာတွေ လုပ်နေပြီလဲ၊ ဘယ် ဆစ်ချိုးကို ရောက်နေလဲ... လဲ... လဲ... လဲပေါင်း များစွာဖြင့် ကျွန်မတို့ တတွေ သူ့ကို ကိုယ်ကြည့် ကိုယ့်ကို သူကြည့်နဲ့...

ဖလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

အစဉ်အဆက် ကိုယ်ပိုင်ဘဝတွေကို လွှတ်ချပြီး ယုံကြည်ရာ ရွေးချယ်လှမ်းသူများကို သတိရတိုင်း၊ သိရတိုင်း အလေးအမြတ်ပါ။ ကျွန်မကသာ ကိုယ်ပိုင်ဘဝ ထိရှပွန်းပဲ့ရုံမှတပါး အပျောက်အရှ မခံနိုင်သည်အထိ အတ္တကြီးသူပါ။

ခုတော့ ဘဝကို အနီတဝက် အနက်တဝက် ဖြတ်သန်းသွားခဲ့သူ ကိုနီအောင် ကွယ်လွန်ခဲ့ပါပြီ။

ရေဆန်ကို လျှောက်ချင်သူ ကိုသာကျော်ကတော့ ဒီမိုကရေစီနိုင်ငံကြီးတခုမှာ ရုပ်ပိုင်းဆိုင်ရာ ပြီးပြည့်စုံသော ဂီလာန ဇရာအို။ သားမြေးတွေက ဘွဲ့လွန်အသီးသီးဖြင့် ပညာတတ်၊ ပညာသည်တွေ ဖြစ်လာကြရာ ဇာတိမြေကို နှုတ်ဇာ်စောင်မခြင်းဖြင့် ကူပံ့လျက်။

မှုးမှူးရှုးရှူး ဘော်ဒါကတော့ မကြာခင်ကမှ နောက်ဆုံး နှုတ်ဆက် ထွက်ခွာသွားရှာပါပြီ။ ခင်ပွန်းသည် ရှိစဉ်က 'ခင်ဗျား အပြန်မှာ စရိတ်စခလေး ထည့်ပေးလိုက်ချင်တယ်ဗျာ၊ စော်ကားရာ ကျမှာစိုးလို့'ဟု ပြောဖူးသည်ကို သူက သဘောကျစွာ-

'ကျွန်တော့်ကို ငါးဆယ်လောက်ပဲ စော်ကားလိုက်စမ်းပါ ဆရာရယ်' ...တဲ့။

သို့ဖြင့် တခါတရံ အိမ်တခါး လာခေါက်ပြီး 'ဆရာမ... ကျွန်တော့်ကို ငွေတဆယ်လောက် စော်ကားစမ်းပါ' ဟု ပြောတတ်လေ့ရှိသူ။

သူ့ဘဝ နေထိုင်မှု ပုံစံကို သဘောမတွေ့လှသော်လည်း ချစ်ခင်ခြင်းမေတ္တာ တမှုန်တစေ့မျှ ပျက်ပြယ်ခဲ့ခြင်း အလျှင်းမရှိ။ တွေးမိတိုင်း လွမ်းရသူ။

လျှောက်လမ်း မတူညီသော ခရီးစဉ်မှာ လေးစားနားလည်ခြင်း သံယောဇဉ်ဖြင့် သူ့ကို ကိုယ်ကြည့်... ကိုယ့်ကို သူကြည့်။

ဒီလို အပြန်အလှန် ချစ်ခင်နားလည်မှု ပုံစံတွေ ပစ္စက္ခမှာ ပြောင်းလဲခဲ့ပါပြီ။ မတွေးမထင် လုံးဝ မမျှော်လင့်မိသော အဖြစ်သနစ် အသစ်အသစ်တွေ...။ သူ့ကို ကိုယ်သတ်၊ ကိုယ့် သူသတ်သော တောရိုင်းမြေမှာ ရင်နာကြေကွဲ...။

ရေးခဲ့သမျှ စုစည်း (ကျမ်းပြု) ပေးခဲ့ပါသော ဆရာမ မြတ်လေး-မောင်၊ သည်သုံးပုဒ်ကိုမှ ရွေးချယ်ဆွဲထုတ်ကာ စာတအုပ် ဖန်တီးပေးပါ



mgyoe.com

mgyoe.com SAMPLE BOOK

သော သား မင်းထက်ဟန်နှင့် ဖေသစ်ထွန်း (ဇလပ်နီစာပေ) တို့ကို ကျေးဇူး စကား ဆိုဖို့ စကားလုံး မလုံလောက်တော့ပါ။

ရင်ခုန်သံကိုသာ နားစွင့်ကြပေရော့။


အစဉ်တစိုက် ဖတ်ရှုအားပေးကြသော စာဖတ်သူများကိုတော့ ခုခါသမယမျိုးမှာ တိုင်းထက်အလွန် ကျေးဇူးတင်လှပါကြောင်း တခုတ်တရ ပြောပါရစေ။

'သူ့ကို ကိုယ်ကြည့်၊ ကိုယ့် သူကြည့်ရင်း' ချစ်ခင်နားလည်ခြင်းများ ဖြင့် နွေးထွေးကြပါစေ။

လေးစားချစ်ခင်စွာ
စမ်းစမ်းနွဲ့(သာယာဝတီ)



mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

အချက်ပြ အလံတိုင်ကို ရိပ်ခနဲ ဖြတ်မိသည်။ နီအောင့် ရင်ထဲမှာ ထိတ်ခနဲ ဆောင့်ခုန်သွားကာ နှလုံးသွေးတို့ ပူနွေးလှည့်ပတ်လာ၏။ မွေးရပ်မြေ ဟူသော အသိက ရပ်ဝေးမှ ခေတ္တ ပြန်လာသူကို ကြက်သီးချမ်းမြ ထစေသည်။

ဒီဇယ်စက်ခေါင်း၏ ဆွဲငင်အား အရှိန်မှာ သိသိသာသာ လျော့ပါးလာ၏။ တစစ ပီပြင်လာသော ဝဲယာဝန်းကျင်ကို ပြတင်းမှ လှမ်းမျှော်မိသည်။

သာယာဝတီဘူတာ၏ အနီရောင် တစွန်းတစကို တွေ့ရပေပြီ။

အုတ်ကြွပ်မိုးနီနီ။

ဂဝံကျောက် ခင်းထားသည့် ပလက်ဖောင်း မြေနီနီ။

ဘူတာရဲ့ နောက်ခံ မြင်ကွင်း၊ သစ်တောဝင်း အတွင်းမှ ပင်လုံးကျွတ် ရဲနေအောင် ပွင့်ကြသည့် စိန်ပန်းနီနီ။


mgyoe.com

mgyoe.com SAMPLE BOOK

အနီရပ်ဝန်းဒေသ။

မြတ်နိုးဖွယ် အနီကို နီအောင့် အသွေးအသားထဲက ပြန်လည် ခံစားလိုက်ရလေသည်။

*


mgyoe.com

mgyoe.com SAMPLE BOOK

အနီရောင် စိန်ပန်းပွင့်ကြွေတို့ ခင်းပြန့်ကြဲအပ်သော မြေပြင်မှာ ဖြတ်နင်း လျှောက်မိပြန်တော့ သိသိသာသာပင် စိတ်လက်ပေါ့ပါး ကြည်လင်လာရသည်။ ညှိုးချုံး အားငယ်လှစွာသော စိတ်ရောကိုယ်ပါ ဝေဒနာစုံတို့ ထက်ဝက်မက လျော့ပါးကုန်ပြီ ထင်၏။

နှစ်ပေါင်းများစွာက အမြစ်တွယ်လာခဲ့သော ပန်းနာရင်ကျပ် ရောဂါကြောင့် အနည်းငယ် မောနေသည်မှာတော့ အဆန်း မဟုတ်ပြီ။

ထူးထူးခြားခြား သွက်လက်နေသော မိမိခြေလှမ်းများကို မိမိဘာသာ အားရနေ၏။

ဟိုတုန်းကလိုပင် နီအောင်သည် ကတ္တရာလမ်းမပေါ်မှ ဖဲဆင်းကာ လမ်းဘေး မြက်ခင်းစပ်စပ်မှ လျှောက်လာ၏။ ဆင်ငိုမြက်ဖျားတွင် တွဲလဲခိုနေသော မိုးရေစက်တို့၏ အေးမြသော အတွေ့ကို နီအောင် ခံမင်



mgyoe.com

mgyoe.com SAMPLE BOOK

ဆဲ။

ကြွယ်သာ မြင်လျှင်-

'မြွေကိုက်သေရင် အလောင်းတောင် ကောက်မသွားဘူး မှတ်'

ဟု ဒေါနှင့် ဆိုဦးမည်။

လူပုံ သွယ်နွဲ့သလောက် စိတ်ထက်သော ကြွယ့်ကို နီအောင် နည်းနည်းတော့ လန့်သည်။

'လမ်းပေါ်က လျှောက်စမ်းပါ နီအောင်ရယ်၊ ကတ္တရာလမ်း အကျယ် ကြီးဟာ၊ တကတဲ မြက်တောထဲက ဆင်းလျှောက်ရတယ်လို့၊ မြွေကိုက် လိုက်မှ ဟုတ်ပေ့ ဖြစ်နေမယ်'

သည်တုန်းက ကြွယ့်ကို မထိတရီ ပြုံးကြည့်မိခဲ့ဖူးလေသည်။ ပြီး မချေမငံလည်း ခွန်းတုံ့ပြန်မိသည်။

'တို့က မြက်တော မကလို့ ခယောင်းတောပဲ ဖြစ်ဖြစ် လျှောက်ရဲ တယ် ကြွယ်၊ လမ်းဖုန်ဖုန်ကို ရွေးလျှောက်တယ် ဆိုတာ ဗိမ်ခံလူတန်းစား ပျက်တွေရဲ့ စရိုက်'

ရုတ်တရက် ခြေလှမ်းတုံ့သွားသော ကြွယ်က နီအောင့်ကို ဖျတ် ခနဲ လှည့်ကြည့်လေသည်။ တခဏပါပဲ။ စူးရဲသောအကြည့်ကို ကြွယ်က ပြန်လည် သိမ်းဆည်းလိုက်ပြီး သူ့လမ်းသူ ဆက်လျှောက်သည်။ အတော် ကလေး လျှောက်မိမှ ကတ္တရာလမ်းပေါ် ကြွေကျနေသော ကုက္ကိုသီး တတောင့်ကို ဖိနပ်ဦးဖြင့် ကန်ပစ်လိုက်ရင်း -

'နင့်လို နိုင်ငံရေးသဘောတရား စာအုပ်ကြီးတွေတော့ ငါ မကိုင် ဖူးဘူး နီအောင်၊ ဒါပေမဲ့ ငါ ထင်တယ်၊ နင် အခုပြောလိုက်တာ အဖိုးထိုက် အဖိုးတန် စာအုပ်ထဲက လေးနက်တဲ့ အဆိုအမိန့် မဟုတ်ပါဘူး၊ အပေါစား ဝတ္ထုထဲက ကလေကချေ ဇာတ်လိုက်ကောင်လေး တကောင်ကောင်ရဲ့ စကားလုံးကို နင် အလွတ်ကျက်ထားတာ ဖြစ်ရမယ်'

ကြက်သီးမွေးညင်း ဖျဉ်းဖျဉ်းထသည်အထိ ဒေါသတို့ ဆူပွက်လာ ကာ ကြွယ့်ကို ချေပမည် ကြံဆဲ -

'နင့်မှာ ကိုယ်ပိုင်ဦးနှောက် ရှိသားပဲ နီအောင်၊ နင် စဉ်းစားကြည့်၊ လမ်းဖောက်ထားတာ လူသွားဖို့ပဲလေ၊ လမ်းရှိရင် လမ်းပေါ်က လျှောက်ရ မှာပဲ၊ ငါ ကြီးလာလို့ ငါ ဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်ရင် လမ်းပေါ်က လျှောက်ရုံ



mgyoe.com

mgyoe.com SAMPLE BOOK

မကကားတောင် မောင်းလိုက်ဦးမယ်၊ အဲဒါ ဖိမ်ခံတာ၊ အဲ... ဘာလဲ၊ နင်တို့ အပြော ဖောက်ပြန်တာ မဟုတ်ဘူး၊ လုပ်ငန်းတွင်အောင်၊ ခရီးပေါက် အောင် လေယာဉ်ပျံတောင် မောင်းသင့် မောင်းရမှာပဲ၊ အဲ... နယ်စွန်ရပ်ဖျား လမ်းမပေါက်တဲ့ နေရာမျိုးကျတော့ ကြွယ်တို့က တောကို ထွင်ပြီး တောင် စဉ်ခုနစ်ထပ်ကို ခြေကျင် ဖြတ်ပစ်လိုက်မယ် သိလား'

သည်တော့လည်း ကြွယ့်ကို ချေပမည် ကြံသည့် စကားလုံးများ နီအောင့် ခေါင်းထဲက ကြက်ပျောက်ငှက်ပျောက် စဉ်ထွက်တော့သည်။

နီအောင်လောက် စာမဖတ်သော၊ စာအုပ်တွေကို မယဉ်ပါးသော ကြွယ်မိုးမြင့်လို ခါးချည့်မလေး၏ အယူအဆကို စောဒက ဝင်စရာ အချက် အလက်များ အလွယ်တကူ စဉ်းစား မရခဲ့။

'ဒါတော့ ကိုယ့်အယူအဆနဲ့ ကိုယ်ပဲလေ၊ နင့်လမ်းနဲ့ နင်၊ ငါ့ လမ်းနဲ့ ငါ ဘာဆိုင်တာ မှတ်လို့'

ဟု ပြောရပြီးရော ပြောလိုက်မိလေတော့ -

'အေး... ဟုတ်ပါတယ်၊ နင် မြွေကိုက်ခံရလို့ ဗုန်းခနဲ လဲသွားရင် ငါက အလောင်းတောင် လှည့်မကောက်တော့ဘူး မှတ်'

သို့သော် သူ့လမ်းနှင့် သူ၊ ကိုယ့်လမ်းနှင့် ကိုယ် သွားနေကြသော တကွဲတပြား ဘဝခရီးတွင်တော့ ကြွယ်သည် ယနေ့ထိ နီအောင့်ကို ရောက် ရာ အရပ်က လည်ပြန် လှည့်ကြည့်တတ်စမြဲတည်း။

ငယ်ငယ်ကတည်းက လမ်းဖုန်ဖုန်ကို ရွေးလျှောက်တတ်ခဲ့သော ကြွယ်သည် ဇာတိမြေတွင် သားဖွားမီးယပ်ပါရဂူ ဒေါက်တာကြွယ်မိုးမြင့် အဖြစ် ကျော်ကြားလျက် ရှိပြီ။

'ဖြစ်ချင်ရာလဲ မဖြစ်ရပါ၊ မဖြစ်ချင်တာလဲ ဖြစ်ရမှာ ဆိုတဲ့ သီချင်း ကို ငါတော့ မကြိုက်ပေါင်၊ ဖြစ်ချင်ရာကို ဖြစ်ဖို့အတွက် လူ့ဘဝမှာ အားမာန် တခုပဲ လိုပါတယ်၊ ဖြစ်ချင်ရာကို ဖြစ်အောင် မဆုတ်မနစ် လုပ်နိုင်တယ် ဆို တာဟာ လူ့အစွမ်းအစပဲ နီအောင်ရဲ့'

နီအောင့်လို အနုပဋိလောမ ရုပ်ဝါဒတွေ၊ အရင်းကျမ်းတွေကို ယောင်လို့မှ ချိုင်းကြား မညှပ်ဖူးသော ကြွယ်က တခါတခါတော့လည်း သည် လို ကြီးကြီးကျယ်ကျယ် စကားတွေကို လူနှင့် မတန်အောင် ပြောတတ်ဖူး လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ယခုတော့ ကြီးကြီးကျယ်ကျယ် ပြောရုံမက ပြောသလို လက်တွေ့လုပ်ပြနိုင်စွမ်းပါကလားလို့ ကြွယ့်ကို အကြွင်းမဲ့ ချီးကျူးရတော့မည်။ ဘာသာပြန် နိုင်ငံရေးသဘောတရား စာအုပ်စာတမ်းတွေ၊ အဆိုအမိန့် ဝေါဟာရတွေနှင့် ထွေးလုံးရစ်ပတ် ကြီးပြင်းလာရာက နိုင်ငံရေးစိတ်ဓာတ် ပြင်းပြစွာ ဘဝလုံးပုံ၍ ဇောက်ချ လုပ်လာခဲ့သော နီအောင့်မှာ...။

တကယ်တော့လည်း ဘာမှ မည်မည်ရရ လုပ်ဖြစ်ခဲ့သည် မဟုတ်ချေ။

ပါတီစုံနိုင်ငံရေးခေတ်က သွေးဆူစအရွယ် ပိုစတာ ကပ်ရင်း၊ အစည်းအဝေး ဖိတ်စာ ဖြန့်ဝေရင်းက အာပေါင်အာရင်းသန်သန် ထိုးနှက်တိုက်ခိုက်ရခြင်းမှာ မွေ့လျော်ခဲ့သည်။ အဲသည်တုန်းက ပုဒ်မ ၅ နှင့် တခါ ထောင်ထဲ ရောက်ဖူးသည်မှာ စင်စစ်တော့ အသံကြောင့် ဖားသေခဲ့ခြင်း ဖြစ်သည်။

ခေတ်ပြောင်းပြီးလေမှ လေးကြိမ်တိတိ ထောင်ထဲ ရောက်လိုက်သေးသည်။ မနေ့တနေ့လောက်ဆီက နောက်ဆုံးအကြိမ် ပြန်ထွက်လာမှ မိမိအသက် လေးဆယ်တင်းတင်း ပြည့်တော့မှာပါကလားဟု အထိတ်တလန့် သတိရမိသည်။

အနှစ်လေးဆယ်တွင် လေးပုံတပုံ မကသော သက်တမ်းများကို အမှောင်တွင်းမှာ အကျိုးမဲ့ မြှုပ်နှံခဲ့ရပါကလား။ အဟောသိကံဘဝ။

အစည်းအဝေး တခုစ နှစ်ခုစ နားထောင်မိရုံ၊ လက်ကမ်း စာစောင်ကလေး တရွက်စ နှစ်ရွက်စ ဗိုင်ယာရီစာအုပ်ကြားမှာ ညှပ်၍ သိမ်းဆည်းထားမိရုံ စသည် စသည် အတိမ်းအစောင်းကလေးတွေနှင့်ချည်း နီအောင် ပြဿနာ ဖြစ်ခဲ့သည်။ စတုတ္ထအကြိမ်တုန်းကတော့ အုံကြွ သောလူစုလူဝေးထဲမှာ ရောနှော၍ အဆွဲခံရသည် ဖြစ်ရာ ဒါတခုပဲ နီအောင် ခပ်ရဲရဲ အမှတ်ယူဝံ့လေသည်။

အကျဉ်းထောင် အမှောင်တိုက်အတွင်း နီအောင်တယောက် ဝင်ချည်၊ ထွက်ချည် ကူးလူးနေသခိုက် ကျန်ရစ်သော နီအောင့်မိသားစုမှာလည်း ကစဉ့်ကလျား လွင့်ပါးကာ အခြေပျက်မတတ် ဖြစ်ခဲ့ရသည်။ သည်အခြေအနေကို မမျှော်လင့်ဘဲ ဝင်ထိန်းပေးခဲ့သူက ကြွယ်။

မတင်အိ ဘဝ၊ သားနှင့်သမီး ဘဝကို စာနာစောင့်ရှောက်ပေးခဲ့



mgyoe.com

mgyoe.com SAMPLE BOOK
နီအောင်ကတော့ မတင်အိအတွက် ပူပန်လှပြီ။ သောက အထု အထည်၏ ဖိစီးခြင်းကို လေးလေးလံလံ တင်းခံနေရသည်။ သီးရင့်သော ကြွယ့်စကားလုံးများ နားထဲသို့ ဖိတ်တဝက် စဉ်တဝက် ဝင်လာ၏။

တာဝန်မဲ့သူ၊ မေတ္တာတရား ခေါင်းပါးသူ၊ အကြောင်းတရား သုံး ပါးသာ နားလည်သည့် တိရစ္ဆာန်မျိုး။

နီအောင်သည် ခွန်းတုံ့မပြန်၊ နေရာမရွေ့ ပေပြီး ခံနေ၏။ ကြွယ ဝုန်းခနဲ စားပွဲမှ ထရပ်သည်ကို မြင်သည်။ သမံတလင်းပေါ်တွင် ခပ်ပြင်း ပြင်း နင်းလျှောက်သွားသော ကြွယ့် ခုံမြင့်ဖိနပ်သံ တဒေါ်ဒေါက်ကို အသံ ပျောက်သည်အထိ နားစွင့်ထားမိလေသည်။

အထဲမှာ မတင်အိ အခြေအနေ ဘယ်သို့ ရှိနေပြီ မသိ။ မွေးခန်း ထဲမှ ညိုးညိုးညံ့ညံ့ အသံဗလံများ ကြားနေရသော်လည်း ဘာတခုမှ မသဲ ကွဲချေ။

သွေးအေးအေးနှင့် စဉ်းစားမိပြန်တော့ ကြွယ ရင့်ရင့်သီးသီး ပြော ဆိုသည်မှာ ပြောထိုက်ရုံ မကပြီ။ သူငယ်ချင်း မိတ်ဆွေအနေနှင့် ထားဦး၊ ဆရာဝန်နှင့် လူနာရှင်အနေဖြင့် ကြည့်လျှင်ပင် လုံးဝ ခွင့်လွှတ်ဖွယ်မထိုက်။

အဖြစ်ကိုက ယောက်ျားတယောက် အနေနှင့် ညံ့ဖျင်းရာ ကျ လွန်းလှသည်။ ဒါကို ခုမှ ဘာကြောင့် သတိရမိပါသလဲ။ လက်ဖက်ရည်ဆိုင် မှာ မေ့မေ့လျော့လျော့ နေခဲ့သည်မှာ သည်လောက်ပဲ အချိန်တွေ ကြာခဲ့ပြီ လားဟု ကိုယ့်ဘာသာ တအံ့တသြ တွေးရသေး၏။

မတင်အိ ကိုယ်ဝန် ဆောင်ထားသည့် ကာလပတ်လုံး မည်သို့ မည်ပုံ မွေးဖွားကြမည် ဆိုသည့် ပြဿနာကို စကားမစပ်မိခဲ့။ မတင်အိက လည်း သည်ကိစ္စကို လုံးဝ မတင်ပြ။ မှတ်မှတ်ရရ နီအောင်က ပြောပြဖူးတာ တခု ရှိခဲ့သည်။

တကယ်တော့ မတင်အိကို အားမာန်သွင်းပေးလိုသည့် ရည်ရွယ် ရင်းတည်း။ ကိုယ်ဝန် ဆောင်ခြင်းကိစ္စ၊ မီးဖွားခြင်းကိစ္စသည် ဘာမှ စိုးရိမ် ကြောင့်ကြအပ်သောကိစ္စ မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ် သာမန်ကိစ္စမျှပါပဲဟု ချစ် ဇနီး မတင်အိ သဘောပေါက်ထားစေချင်သည်။

နီအောင်က သူ ဖတ်ဖူးသော ပါးလ်ဘာ့စ်၏ မဟာပထဝီ ဝတ္ထုထဲ က တရုတ်လင်မယား အတ္ထုပ္ပတ္တိ တပိုင်းတစကို ပြောပြခဲ့လေသည်။
mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုထဲက လယ်သူမ အိုလင်သည် ကိုယ်ဝန် နေ့စေ့လစေ့အထိ လယ်ယာအလုပ်ကို ပင်ပန်းကြီးစွာ လက်နှင့်မပြတ် လုပ်ရသူ ဖြစ်၏။ မွေးဖွားခါနီး ဝမ်းနာလာမှ လင်သည် ဝမ်လန်းကို အသိပေး၍ အိမ်ပြန်ခဲ့သည်။

အိုလင်သည် မွေးဖွားခါနီး နာကျင်သည့် ဝေဒနာကို အကူအညီမဲ့ အံတင်း၍ တွန်းလှန် ခံစားရင်း ကလေးတယောက်ကို မိမိဘာသာ မွေးဖွားသန့်စင်လေ၏။ ကလေးချက်ကြိုးကို မိမိဘာသာ ဖြတ်သည်။ မီးဖွားခြင်းဆိုင်ရာ ပြုဖွယ်ကိစ္စ မှန်သမျှကို မိမိဘာသာ အစအဆုံး လုပ်သွားသည်။ ဤမျှ ချီးကျူးဖွယ်သော အိုလင်၏ ဇွဲမာန်သတ္တိကို မတင်အိ တစိတ်တဒေသမျှ တုပနိုင်မည် ဆိုလျှင် နီအောင့်ဇနီး ပီသပါဘိဟု ဇနီးချစ်ကို စည်းရုံးထားခဲ့သည်။

မတင်အိ ဆိုသည်ကလည်း လင်သည်ကို တကယ်ပင် ဘုရားတဆူ၊ ဂူတလုံး ယုံမှတ်ကိုးကွယ်တတ်သည့် မိန်းမမျိုး။ လင်သည် စကားကို တလုံးတပါဒ မြေဝယ်မကျ နာယူကာ မိမိကိုယ်ဝန်ကို မသိကျိုးကျွန် လျစ်လျူရှုထားခဲ့သည်။ သားဦး ကိုယ်ဝန်ဆောင်မို့ ထူးခြားသော ဝေဒနာများ ဖြိုးဖြိုးဖြောက်ဖြောက် ခံစားရသည်ကိုလည်း ဖွင့်မပြောခဲ့။

အိုလင့်နှယ် ဇွဲတင်းနိုင်ဖို့ ကြိုးစားရှာသည်ထင့်။

အိုလင့်နှယ် မိမိဘာသာ မွေးဖွားသန့်စင်မည်ဟု စိတ်ကူးခဲ့သည် ထင့်။

တညတော့ -

"ဗိုက်ထဲက သိပ်နာလာပြီ ကိုနီအောင်ရယ်၊ ကျွန်မ မွေးတော့မယ် ထင်တယ်"

ဟု လမ်းထိပ် ကုလားလက်ဖက်ရည်ဆိုင်သိမ်းမှ လူစုခွဲ အိမ်ပြန်လာသော နီအောင့်ကို အရေးတကြီး စောင့်၍ သတင်းပို့ရှာသည်။

"ဟင် ဟုတ်လား၊ ကိုယ် ဘာလုပ်ပေးရမလဲ"

နီအောင် ခြေမကိုင်မိ လက်မကိုင်မိ မတွေးတတ် မကြံတတ် ရှိဆဲ-

'အမယ်လေးနော်၊ မောလာလိုက်တာ တမျိုးကြီးပဲ'

ဟု ဆိုရင်း မတင်အိ ကြမ်းပေါ် ခွေပျော့ကျသွားသည်ကို လှမ်းထိန်းသော်လည်း မမိလိုက်။


mgyoe.com

mgyoe.com SAMPLE BOOK

နီအောင်ကတော့ မတင်အိအတွက် ပူပန်လှပြီ။ သောက အထုအထည်၏ ဖိစီးခြင်းကို လေးလေးလံလံ တင်းခံနေရသည်။ သီးရင့်သောကြွယ့်စကားလုံးများ နားထဲသို့ ဖိတ်တဝက် စဉ်တဝက် ဝင်လာ၏။

တာဝန်မဲ့သူ၊ မေတ္တာတရား ခေါင်းပါးသူ၊ အကြောင်းတရား သုံးပါးသာ နားလည်သည့် တိရစ္ဆာန်မျိုး။

နီအောင်သည် ခွန်းတုံ့မပြန်၊ နေရာမရွှေ့ ပေပြီး ခံနေ၏။ ကြွယ်ဝုန်းခနဲ စားပွဲမှ ထရပ်သည်ကို မြင်သည်။ သမံတလင်းပေါ်တွင် ခပ်ပြင်းပြင်း နင်းလျှောက်သွားသော ကြွယ့် ခုံမြင့်ဖိနပ်သံ တဒေါက်ဒေါက်ကို အသံပျောက်သည်အထိ နားစွင့်ထားမိလေသည်။

အထဲမှာ မတင်အိ အခြေအနေ ဘယ်သို့ ရှိနေပြီ မသိ။ မွေးခန်းထဲမှ ညီးညီးညည်း အသံဗလံများ ကြားနေရသော်လည်း ဘာတခုမှ မသဲကွဲချေ။

သွေးအေးအေးနှင့် စဉ်းစားမိပြန်တော့ ကြွယ် ရင့်ရင့်သီးသီး ပြောဆိုသည်မှာ ပြောထိုက်ရုံ မကပြီ။ သူငယ်ချင်း မိတ်ဆွေအနေနှင့် ထားဦး၊ ဆရာဝန်နှင့် လူနာရှင်အနေဖြင့် ကြည့်လျှင်ပင် လုံးဝ ခွင့်လွှတ်ဖွယ်မထိုက်။

အဖြစ်ကိုက ယောကျ်ားတယောက် အနေနှင့် ညံ့ဖျင်းရာ ကျလွန်းလှသည်။ ဒါကို ခုမှ ဘာကြောင့် သတိရမိပါသလဲ။ လက်ဖက်ရည်ဆိုင်မှာ မေ့မေ့လျော့လျော့ နေခဲ့သည်မှာ သည်လောက်ပဲ အချိန်တွေ ကြာခဲ့ပြီလားဟု ကိုယ့်ဘာသာ တအံ့တသြ တွေးရသေး၏။

မတင်အိ ကိုယ်ဝန် ဆောင်ထားသည့် ကာလပတ်လုံး မည်သို့မည်ပုံ မွေးဖွားကြမည် ဆိုသည့် ပြဿနာကို စကားမစပ်မိခဲ့။ မတင်အိကလည်း သည်ကိစ္စကို လုံးဝ မတင်ပြ။ မှတ်မှတ်ရရ နီအောင်က ပြောပြဖူးတာတခု ရှိခဲ့သည်။

တကယ်တော့ မတင်အိကို အားမာန်သွင်းပေးလိုသည့် ရည်ရွယ်ရင်းတည်း။ ကိုယ်ဝန် ဆောင်ခြင်းကိစ္စ၊ မီးဖွားခြင်းကိစ္စသည် ဘာမှ စိုးရိမ်ကြောင့်ကြအပ်သောကိစ္စ မဟုတ်၊ ဖြစ်ရိုးဖြစ်စဉ် သာမန်ကိစ္စမျှပါပဲဟု ချစ်ဇနီး မတင်အိ သဘောပေါက်ထားစေချင်သည်။

နီအောင်က သူ ဖတ်ဖူးသော ပါးလ်ဘာ့စ်၏ မဟာပထဝီ ဝတ္ထုထဲက တရုတ်လင်မယား အတ္ထုပ္ပတ္တိ တပိုင်းတစကို ပြောပြခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုထဲက လယ်သူမ အိုလင်သည် ကိုယ်ဝန် နေ့စေ့လစေ့အထိ လယ်ယာအလုပ်ကို ပင်ပန်းကြီးစွာ လက်နှင့်မပြတ် လုပ်ရသူ ဖြစ်၏။ မွေးဖွားခါနီး ဝမ်းနာလာမှ လင်သည် ဝမ်လန်းကို အသိပေး၍ အိမ်ပြန်ခဲ့သည်။

အိုလင်သည် မွေးဖွားခါနီး နာကျင်သည့် ဝေဒနာကို အကူအညီမဲ့ အံတင်း၍ တွန်းလှန် ခံစားရင်း ကလေးတယောက်ကို မိမိဘာသာ မွေးဖွားသန့်စင်လေ၏။ ကလေးချက်ကြိုးကို မိမိဘာသာ ဖြတ်သည်။ မီးဖွားခြင်းဆိုင်ရာ ပြုဖွယ်ကိစ္စ မှန်သမျှကို မိမိဘာသာ အစအဆုံး လုပ်သွားသည်။ ဤမျှ ချီးကျူးဖွယ်သော အိုလင်၏ ဇွဲမာန်သတ္တိကို မတင်အိ တစိတ်တဒေသမျှ တုပနိုင်မည် ဆိုလျှင် နီအောင့်ဇနီး ပီသပါဘိဟု ဇနီးချစ်ကို စည်းရုံးထားခဲ့သည်။

မတင်အိ ဆိုသည်ကလည်း လင်သည်ကို တကယ်ပင် ဘုရားတဆူ၊ ဂူတလုံး ယုံမှတ်ကိုးကွယ်တတ်သည့် မိန်းမမျိုး။ လင်သည် စကားကို တလုံးတပါဒ မြေဝယ်မကျ နာယူကာ မိမိကိုယ်ဝန်ကို မသိကျိုးကျွန် လျစ်လျူရှုထားခဲ့သည်။ သားဦး ကိုယ်ဝန်ဆောင်မို့ ထူးခြားသော ဝေဒနာများ ဖြိုးဖြိုးဖြောက်ဖြောက် ခံစားရသည်ကိုလည်း ဖွင့်မပြောခဲ့။

အိုလင့်နှယ် ဇွဲတင်းနိုင်ဖို့ ကြိုးစားရှာသည်ထင့်။

အိုလင့်နှယ် မိမိဘာသာ မွေးဖွားသန့်စင်မည်ဟု စိတ်ကူးခဲ့သည် ထင့်။

တညတော့ -

"ဗိုက်ထဲက သိပ်နာလာပြီ ကိုနီအောင်ရယ်၊ ကျွန်မ မွေးတော့မယ် ထင်တယ်"

ဟု လမ်းထိပ် ကုလားလက်ဖက်ရည်ဆိုင်သိမ်းမှ လူစုခွဲ အိမ်ပြန်လာသော နီအောင့်ကို အရေးတကြီး စောင့်၍ သတင်းပို့ရှာသည်။

"ဟင် ဟုတ်လား၊ ကိုယ် ဘာလုပ်ပေးရမလဲ"

နီအောင် ခြေမကိုင်မိ လက်မကိုင်မိ မတွေးတတ် မကြံတတ် ရှိဆဲ-

'အမယ်လေးနော်၊ မောလာလိုက်တာ တမျိုးကြီးပဲ'

ဟု ဆိုရင်း မတင်အိ ကြမ်းပေါ် ခွေပျော့ကျသွားသည်ကို လှမ်းထိန်းသော်လည်း မမိလိုက်။


mgyoe.com

mgyoe.com SAMPLE BOOK

တစောင်းလဲနေသော မတင်အိကို ပြေးပွေ့လိုက်တော့-

'မကိုင်နဲ့ ကိုနီအောင် ဖယ်... ဖယ်'

ဟု ဖျော့တော့စွာ ဆိုသည်ကိုပင် ရုတ်ခြည်း နားမလည်။ ခဏကြာမှ မတင်အိ ခြေရင်းတွင် ရေတွေ အိုင်ထွန်းနေသည်ကို အထိတ်တလန့် မြင်သည်။

"ဘယ်လို ဖြစ်သလဲ အိ ဟင်၊ သိပ်နာသလား"

"အင်း... ရေပေါင်တယ် ဆိုတာ ထင်တယ်၊ အသီးအရွက် အစားများရင် ခုလိုပဲ ရေပေါင်တတ်တယ်တဲ့"

မချိတရိ စုတ်သပ် ညည်းတွားနေသော မတင်အိကို မြင်ရသည်မှာ လူချင်း လဲ၍ပင် ခံစားလိုက်ချင်တော့သည်။ လမ်းဘေး စာအုပ်အဟောင်း ရောင်းရသော ဝင်ငွေကလေးနှင့် လင်မယားနှစ်ယောက် ကန်စွန်းရွက်ကို အချိုမှုန့် ဖြူး၍ ဆီပူထိုး စားခဲ့သည့် နေ့စဉ် ထမင်းဝိုင်းများကို အမှတ်ရလာ၏။

မတင်အိ တကိုယ်လုံး ရေထဲမှာ ရွှဲနစ်နေလေသည်။

"ကျွန်မ သိပ်မောတယ် ကိုနီအောင်၊ သတိလစ်မတတ်ပဲ၊ ဆေးရုံသွားမှ ထင်တယ်"

"ဆေးရုံ..."

နီအောင် သံယောင်လိုက်ရင်း ငိုင်နေမိသေးသည်။ ဟုတ်သားပဲ။ အခမဲ့ မွေးဖွားပေးသည့် ပြည်သူ့ဆေးရုံ ရှိသည်ဆိုတာ သတိမရ။ ရန်ကုန်မှာ နေပါလျက် နီအောင် အတွေး၊ အသိတွေ ဒုံးဝေးလှသည်။

'ဝမ်လန်းမိန်းမ အိုလင်ဟာ မဝရေစာစားပြီး ကလေးမွေးရတာပဲ၊ မီးဖွားမှ 'ပဲတဆုပ်'လောက် စားနိုင်ခဲ့တာ၊ သူ့တုန်းကတော့ ခုလို ရေမပေါင်ဘူးတဲ့လား၊ ဘာဖြစ်လို့ ရေတွေ အိုင်ထွန်းအောင် သွန်ပြီး သတိမလစ်ခဲ့တာတဲ့လဲ'

ဟု အတွေးခေါင်သည်။

မတင်အိကတော့ အိုလင်လို သူ့ကလေးသူ ချက်ကြိုးဖြတ် မွေးနိုင်ဖို့ ဝေးစွ။ မမွေးရခင်ကပင် ခွေပျော့နေလေပြီ။ ဝတ္ထုထဲကလို ဘာကြောင့် မဖြစ်နိုင်ရတာလဲ၊ ဖွဲ့မတင်းနိုင်ရတာလဲဟု အားမလို အားမရ ဖြစ်ရင်း အိတ်ကပ်ကို စမ်းသော် အကြွေသံသာ ချွင်ချွင်မြည်လာလေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

သတိလစ်နေပြီဟု ထင်ရသော မတင်အိကာ -

"သုံးဘီး ခေါ်ပါ။ ကျွန်မ အိပ်တဲ့ ဖျာအောက်မှာ ပိုက်ဆံတဆယ် သိမ်းထားတာ ရှိတယ်"

ဟု လေသံယဲ့ယဲ့ဖြင့် စီမံခန့်ခွဲမှ နီအောင် လှုပ်ရှားစပြုလေသည်။

"ဗိုက်ထဲက သရိုးသရီရှိလို့ မနေ့ကတည်းက ကျွန်မ ထဘီတွေ သွားပေါင်ထားတာ"

ဟု အရေးထဲ မောမောပန်းပန်း ရှင်းချက် ထုတ်နေပြန်ရာ နီအောင့် ရင်ထဲမှာ တကယ် နင့်သွားလေသည်။ ခုမှ သူ မတင်အိကို ဘယ်လောက် ချစ်သည် ဆိုတာ သူ့ဘာသာ နားလည်လာမိသည်။ မတင်အိကို သူ အဆုံးရှုံး မခံနိုင်၊ မခံနိုင်။

အစကတော့ မတင်အိကို မချစ်မိခဲ့။ ဘယ်တုန်းက စတင် ချစ်မိလေသလဲလို့ မစဉ်းစားတတ်သော်လည်း ချစ်၍ ညားခဲ့ခြင်း မဟုတ် ဆိုတာကိုတော့ သစ္စာဆိုဝံ့သည်။

မတင်အိကား သနား၍ ယူဖြစ်ခဲ့သော မယားတည်း။ ဒါကို စိုးဝင်းနှင့် ကျင်တိတ်တို့ ကောင်းကောင်းသိသည်။

ကုန်စျေးတန်း ကီလီဝင်းမှ ကုန်ချိန်စာရေး စိုးဝင်းနှင့် သင်္ဘောဆလင် ကျင်တိတ်တို့ကို နီအောင့်တပည့်များဟု ဆိုလိုက ဆိုနိုင်သည်။ လူ့အခွင့်အရေး ကြေညာစာတမ်းတို့၊ အရင်းရှင် စီးပွားရေးစနစ်တို့၊ ဆိုရှယ်လစ် ဘောဂဗေဒတို့ကို ဖောင်ဖောင် ဖောင်ဖောင် ပြောဟောစည်းရုံးလေ့ရှိသော နီအောင်ကား ယင်းတို့၏ သဘောတရားရေးဆရာကြီး ဖြစ်နေသည်မှာ မဆန်းလှ။

သဘောတရားရေးရာ စည်းရုံးရင်း တည္မှာ စိုးဝင်းက တီးတိုးစကား ဆိုသည်။ နီအောင် မျှော်လင့်သလို ပါတီရေး၊ နိုင်ငံရေး လျှို့ဝှက်စကားတော့ မဟုတ်ချေ။

"သင်္ဘောမှာ လိုက်အိပ်ကြမလား၊ တယောက် ပါလာတယ်"

ချက်ခနဲ မီးတောက်လွယ်သော ကျင်တိတ်က ထူအမ်းသော နှုတ်ခမ်းများ အကြည့်ရ ဆိုးလောက်အောင် စပ်ဖြဲဖြဲ ပြုံးကာ -

"ဟုတ်ရဲ့လားကွာ မင်းဟာက၊ တော်ကြာကြက်တက်စူးနေပါ့မယ်"

"ဒါတော့ အာမ မခံနိုင်ဘူး ကိုယ့်လူ၊ သင်္ဘော မောင်းနေတဲ့


mgyoe.com

mgyoe.com SAMPLE BOOK
ကောင်များ ခေါင်း မှတ်နေသလား၊ လိုက်ကြည့်ချင် ကြည့်"

စိုးဝင်းက ကျွဲမြီးတိုသည်။ ပြီးမှ –

"ရန်ကုန်က ဟုတ်ဘူး၊ တောက၊ သင်္ဘော အသွားအပြန် လိုက်နေတာ၊ သိပ်တောင် မရဲသေးဘူးဗျ၊ ခုထိ သင်္ဘောဆိပ်တောင် တက်ဝံ့တာမဟုတ်ဘူး၊ ကောင်မက ပျက်တာ မကြာသေးဘူး ထင်တယ်၊ လည်လည်ဝယ်ဝယ် မရှိသေးဘူး"

ဟု သတင်းစုံ ဖောက်သည်ချလေသည်။

ဝါသနာကြီးသော ကျင်တိတ်က ဖောင်းကြွနေသော အိတ်ကို လက်ဖြင့် ခပ်ဖွဖွ ဖိစမ်းရင်း –

"လာ ဆရာ၊ မြည်းကြည့်သေးတာပေါ့၊ နှစ်ဆယ် အစိတ်ထက် မပိုပါဘူး၊ လာပါ၊ ကျွန်တော် ဒကာခံမယ်"

ဟု စေတနာဗောဇတွေဖြင့် လှိုက်မောစွာ ဆွဲခေါ်နေသည်။

ဝါကြင့်ကြင့် မီးရောင်ဖျော့ဖျော့လင်းသော သင်္ဘောခန်းထဲမှာ သူ့ကို တွေ့လေသည်။ အသားလတ်လတ်၊ ကိုယ်လုံးပြည့်ပြည့်မို့ ဖျတ်ခနဲ အကြည့်တွင်ပင် မဆိုးဘူးဟု ကျင်တိတ်က ကောက်ချက် ချသည်။ ပြီးတော့–

"ဆရာ သွားနှင့်၊ ကျွန်တော် ရှပ်နည်းနည်းလောက် သွားဆွဲလိုက်ဦးမယ်"

ဟု ပြောကာ နီအောင့်ကို သင်္ဘောခန်းထဲ တွန်းပို့ခဲ့လေသည်။

အလှုပ်အရှား အတောက်အပ မရှိသော သူ့မျက်လုံးသေများကို နီအောင် သတိထားမိတော့ လူတန်းစားပြဿနာကို အကျေအညက် လေ့လာခဲ့ဖူးသော နီအောင့်အဖို့ တစုံတရာကို သတိရဖွယ် ဖြစ်ခဲ့သည်။ သို့ဖြင့် သူနှင့် စကားများစွာ ပြောဖြစ်အောင် ဖန်တီးခဲ့သည်။

"မင်းနာမည်ကကောကွယ်၊ အမှန်ကို ပြောနော်"

"နာမည်များ လိမ်စရာလားရှင့်၊ မတင်အိ"

နီအောင့် ရင်ထဲမှာ လှုပ်သွားသည်။

'မတင်အိ' တဲ့။

'အိ' တဲ့။

ဒုတိယအကြိမ် အင်းစိန်တောရမှ ပြန်ထွက်လာစမို့ ဟိုထဲမှာ


mgyoe.com

mgyoe.com SAMPLE BOOK

အကြိမ်ကြိမ် အထပ်ထပ် ဖတ်ဖူးသော 'အလံ မလှဲစတမ်း' ဝတ္ထုထဲက ရဲဘော်မ 'ချောအိမန်'ကို ဖျတ်ခနဲ သတိရသည်။

ခြသေ့ံမလို ရဲရင့်သော ချောအိမန်။ ထောင်းထောင်းကြေမတတ် ခံခဲ့ရသော လောကစံမှာ နောက်ဆုံးအချိန်ထိ အလံမလှဲခဲ့သော ချောအိ-မန်။ မြန်မာနာမည်နှင့် နီးစပ်လှသော မြတ်နိုးစဖွယ် ချောအိမန်။

သည်ချောအိမန်နှင့် ဆင်တူသော 'အိ' ဆိုသည့် နာမည်ကလေး တလုံး ပါသည့် မတင်အိကို နီအောင် စိတ်ဝင်စားသွားသည်။

"နာမည်ကတော့ တကယ့်ကို ဘဝဆန်တာပဲ အိရယ်"

နောက်တော့ မိဘမဲ့ တကောင်ကြွက် 'အိ'။

မြစ်ကြောင်းမှာ တဝမ်းတခါးအတွက် ပြေလည်ရာ ပြေလည်ကြောင်း ကောင်းရောင်းကောင်းဝယ် လုပ်ရင်းက ဘဝပျက်ခဲ့ရပါသည် ဆိုသော အိကို သူ အလုံးစုံ နားလည်ခဲ့ပြီဟု ကြွေးကြော်ကာ -

"ဟော့ကောင်တွေ တယောက်မှ အိကို မထိနဲ့၊ ဒါ ငါ့မယား"

ဟု လူမိုက်ဆန်ဆန် ခွဲထွက်လာခဲ့၏။

သည်လိုနှင့် ညားဖြစ်ခဲ့သော မတင်အိ။ ဆိပ်ကမ်းအလုပ်သမား များ ထူပြောသော်လည်း နီအောင်ကတော့ ဂရုမစိုက်။ သိသိသာသာ စော်ကား လာလျှင်တော့ ယောကျ်ားချင်း စာရင်းရှင်းရမည်ပင်။

မတင်အိ သဘောက ဤရပ်ကွက်မှ ဝေးရာကို ပြောင်းသွားချင်လှပြီ။ အိမ်ဦးနတ်၏ အိတ်ကပ်ကို ငဲ့ကာ ဖွင့်မပြောရက်ဘဲ ကြိတ်မှိတ် နေနေရသည်။ ကြာတော့ အကြောင်းမဲ့ အိမ်ပြင် မထွက်ခြင်းကပင်လျှင် နီအောင် အကြင်နာပိုစရာ ဖြစ်လာ၏။ အနေအထိုင် တတ်လှသော မယားသည်ကို မြင်ပြန်တော့ ဘဝနာခြင်းဟာ 'အိ'အတွက် တန်ဖိုးတက်စေပါကလား။ အထပ်ထပ် လှော်ခတ်ပြီးဖြစ်တဲ့ ရွှေစင်လို...။

နီအောင်က မတင်အိကို ရင့်ကျက်ခြင်း အလှဖြင့် ပိုပြီး လင်းလက် နေစေချင်သည်။ သဘောတရားရေးရာ အဖုံဖုံကို မတင်အိ သဘောပေါက် ခံယူနိုင်လောက်အောင် ပို့ချလေသည်။

ဆင်းရဲခြင်းဒဏ်ကို ကြံ့ကြံ့ခံစွမ်းရမည့် သတ္တိ၊ ဘဝလှိုင်းတံပိုး ရိုက်ချက်ကို မဆုတ်မနစ် တွန်းလှန်ဝံ့ရမည့် ဇွဲ... စသည် စသည်ဖြင့် စည်းရုံး ဟောပြောရင်း တနေ့မှာ တရုတ်လယ်သမား လင်မယား အတ္ထုပ္ပတ္တိကို


mgyoe.com

mgyoe.com SAMPLE BOOK
ပြောပြဖြစ်ခဲ့သည်။ ခုတော့ ဝတ္ထုထဲက အိုလင်လို ဖြစ်မလာနိုင်သော မတင်အိ မှာ မရှုမလှ ဆေးရုံရောက်ခဲ့ရလေသည်။

ကိုယ်ဝန် ကြိုတင် အပ်ထားရသည် ဆိုတာကိုလည်း ခုမှပဲ နီ-အောင် ဗဟုသုတ ဖြစ်တော့၏။ ကိုယ်ဝန် မအပ်မိ၍ အရေးပေါ် မွေးလူနာ ဆောင်နှင့် ကိုယ်ဝန်ဆောင် အသစ်များ အပ်နှံရာဌာန နှစ်ခုကို လွန်းထိုး ကူးသန်းခဲ့ရသည်မှာ အကြိမ်ကြိမ်။

စိတ်ပေါက်ပေါက်နှင့် -

"ဒါလောက် လက်မခံချင်ကြတာ၊ အဲဒီရှေ့ မြက်ခင်းပေါ်မှာသာ မွေးတော့ကွာ၊ အိပ်၊ အိပ်၊ လှဲအိပ်သာ နေတော့"

ဟု အရွဲ့တိုက်မည်ကြံဆဲ မွေးလူနာဆောင်ထဲ ဝင်သွားသော ဆရာဝန်မတယောက် နောက်ကို အမီပြေးလိုက်သည်။ သို့ဖြင့် -

"ဘယ်မှာလဲ၊ မတင်အိ ယောကျ်ား၊ လာပါ"

အသံက ချိုကြည်သလောက် အဖြတ်တောက် လေယူလေသိမ်း ထန်လိုက်ပုံမှာ သည်လောကတွင် ကြွယ်မှတပါး အခြား မရှိပြီ။ ကြွယ်က တော့ နီအောင့်ကို ပိုးစိုးပက်စက် ဒေါသထွက်သည်။ ဆရာဝန် ဖြစ်လာမှ စကားရိုင်းရိုင်းတွေကိုလည်း ခပ်ကြမ်းကြမ်း ပြောတတ်နေပြီ။

"ကိုနီအောင် ဆိုတာ ရှင်လား၊ မတင်အိ မိန်းကလေး မွေးတယ်၊ ခြောက်ပေါင်နဲ့ ဆယ်အောင်စ၊ ကလေး ရေမွန်းနေလို့ အောက်ဆီဂျင် ပေး ထားတယ်၊ မနက် ဆယ့်တစ်နာရီမှာ လူနာအတွက် ထမင်းလာပို့ပါ၊ ကဲ... ရှင် ပြန်နိုင်ပြီ"

အတက်အကျ အနိမ့်အမြင့် မရှိ။ ပကတိသံမှန် တသံတည်းဖြင့် တောက်လျှောက်ကြီး ရွတ်သွားသော ထဘီပြာဝတ် ဆရာမလေး၏ သြဇာ ကို မလွန်ဆန်ဝံ့သည့်ပမာ တမုဟုတ်ချင်း လှည့်ထွက်လာခဲ့လေသည်။ ဂိတ်ဝ ရောက်မှ မွေးလူနာဆောင် အစွန်အဖျားကို သတိတရ လှည့်ကြည့် မိသည်။

ကျေးဇူးပါပဲ ကြွယ်။

*


mgyoe.com

mgyoe.com SAMPLE BOOK

"အမယ်လေးတော်... ဖြစ်မှ ဖြစ်ရလေ"

မတင်အိ အကြောင်းကို အသိပေးစက ကြွယ် ရင်ဘတ်စည်တီး ဖြစ်ခဲ့သည်။

"နင် ဝတ္ထုထဲက ဇာတ်လိုက်ကို တုပြီး အရှုံးထတာတော့ မဟုတ်ပါဘူးနော်"

ဟု မယုံမရဲ စစ်ဆေးသေး၏။

"နင့်မိန်းမ နင် မြတ်နိုးရင် ပြီးတာပဲ၊ အရေးအကြီးဆုံးက မိခင်ရော၊ ကလေးရော၊ နင်ရော သွေးစစ်၊ အားလုံး ကျန်းမာ စင်ကြယ်ရမယ်၊ ဒါပဲ"

ဆရာဝန် ပီသစွာ ဆုံးဖြတ်လေသည်။ နောက်ဆုံးမှ -

"ပတ်ဝန်းကျင်နဲ့ကော ဆက်ဆံရေး အဆင်ပြေရဲ့လား"


mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပူပန်စွာ မေးသည်။

ကြွယ်သည် ဆရာဝန်ဘွဲ့နှင့်အတူ လူမှုဆက်ဆံရေးပါရဂူဘွဲ့ ရခဲ့လေသည်ထင့်။

နီအောင်က သည်ဆိပ်ကမ်းအလုပ်သမား ရပ်ကွက်မှ ပြောင်းရွှေ့ထွက်ခွာသွားသင့်သည့် အဖြစ်၊ မပြည့်စုံသော အကြောင်းကြောင်းကြောင့် ဖွတ်မိုတ်နေကြရသည့် အဖြစ်ကို ရင်ဖွင့်ပြလိုက်သည်။

"ဒီလိုလုပ် နီအောင်၊ ဝွတ္တလစ်မှာ ကြွယ့်ဆေးခန်း ရှိတယ်၊ တိုက်ခန်း တခုလုံး ဆိုတော့ ဆယ့်နှစ်ပေ၊ ပေငါးဆယ် အကျယ်ကြီးပဲ၊ အဲဒါနောက်ဖက် တဝက်ကို အထပ်ခိုး တင်ပေးမယ်၊ လာနေလှည့်၊ နောက်ပြီးနင့်မတင်အိကို ငါ့ဆေးခန်းမှာ အလုပ်ခန့်မယ်၊ ဒါ တည်ငြိမ်တဲ့ ဘဝတခုကိုစပေးလိုက်တာပဲ၊ ငါ လက်တွေ့ဖြေရှင်းပေးတတ်တာတော့ အဲဒါလောက်ပဲ၊ နင့်သဘောတရားတွေနဲ့ အပြန်အလှန် သုံးသပ်ချင် သုံးသပ်ဦးလေ"

သည်လိုနှင့် ကြွယ့်အစီအမံကို အလွယ်တကူ လက်ခံဖြစ်ခဲ့ကာမတင်အိလည်း ဘဝသစ်ကို လန်းဆတ် ကြည်နူးစွာ ပြန်လည် စတင်ခဲ့သည်။ မတင်အိ ရောက်လာမှ သိသိသာသာ သပ်ရပ်ရှင်းသန့်နေသောဆေးခန်း အနေအထားကို ဂရုမပြုမိသူ မရှိ။

ကြွယ် ဆိုလျှင်-

"အောက်တန်း မကျတဲ့ စိတ်နေစရိုက်တော့ ပေါ်လွင်နေတာပဲနီအောင်၊ သူ့ဘဝ အမည်းစက် ထင်ခဲ့တာဟာ မွေးရာပါ ဗီဇစရိုက်ကြောင့်မဟုတ်ဘူး ဆိုတာတော့ ကြွယ် ယုံကြည်သွားပြီ၊ သူ့ကိုယ်သူ ပြုပြင်နေတဲ့ကာလမှာ ပတ်ဝန်းကျင် အနှောင့်အယှက် မကြုံရအောင် အတတ်နိုင်ဆုံးကာကွယ်စောင့်ရှောက်ပေးဖို့ လိုတယ်"

ဟု သံယောဇဉ်ကြီးစွာ ပြောလေသည်။

ပြောသည့်အတိုင်း ကြွယ်က မတင်အိ ရှေ့မှာ မားမားမတ်မတ်ရပ်သည်။

ရန်ကုန် ဆိုသည်ကလည်း တကယ့်တကယ် ပုန်းကွယ်လိုသူတို့အဖို့ ကျဉ်းကျဉ်းကလေးပင်။ မတွေ့လိုသူနှင့် ထောင့်ချိုး တကွေ့ကွေ့မှာဘွားခနဲ တွေ့ချင် တွေ့တတ်သည်။

မတင်အိပင် မမှတ်မိတော့သော တစုံတယောက်က မတင်အိ


mgyoe.com

mgyoe.com SAMPLE BOOK

အတိတ်ပောင်းကို ပြန်လည် တူးဖော်ကာ ထိကပါး ရိကပါး စလာခြင်းမျိုးလည်း ကြုံရတတ်သည်။

ထိုအခါတွင်တော့ နီအောင်ပင် ယောကျ်ားချင်း ဖြေရှင်းခွင့် မကြုံလိုက်ရ။ ကြွယ်က သူ့နည်းသူ့ဟန်ဖြင့် ရင်ဆိုင်ခဲ့သည်ချည်း။

မတင်အိက -

"မသေရင်ပြီးရော ဆိုပြီး ဖြစ်ချင်ရာဖြစ် နှစ်ထားခဲ့ရတဲ့ ဘဝက လွတ်ခဲ့ရပြီမို့ ကျေနပ်ပါတယ် ကိုနီအောင်ရယ်၊ ရှင်နဲ့ ဒေါက်တာကြွယ် ရှိနေသရွေ့ ကျွန်မ ဘာကိုမှ မကြောက်တော့ဘူး"

ဟု ယုံကြည်ကိုးစားစွာ ပြောတတ်သည်။

မတင်အိက ကြွယ့်ကို 'ဒေါက်တာကြွယ်' ဟု ခေါ်လေသည်။ ရိုသေလေးစားခြင်း၊ ချစ်ခင်မြတ်နိုးခြင်းတို့ ကိုယ်စားပြုရာကျသည်မို့ နီအောင်ကလည်း သဘောကျသည်။

"ကျွန်မက သားလေး လိုချင်တာ၊ သမီး ရလာတော့ တမျိုးကြီးပဲလေ၊ မလိုချင်လို့တော့ မဟုတ်ပါဘူး၊ ကျွန်မက နစ်မွန်းခဲ့ဖူးတယ် မဟုတ်လား၊ ကျွန်မလို အမေတယောက်ရဲ့ သမီးဖြစ်လာမယ့် ကလေးကို ကျွန်မ မကြည့်ရက်ဘူး၊ ပြီးတော့ ဒီသမီးကို ကျွန်မလို မဖြစ်ရအောင် ထိန်းသိမ်းပဲ့ပြင်နိုင်တဲ့ အင်အားကော ကျွန်မမှာ ရှိမှ ရှိရဲ့လားလို့ ပူမိတယ်"

ဟု ရိုးရိုးစင်းစင်းကြီး ပြောနေတတ်တော့လည်း နီအောင့်မှာ ကရုဏာသက်မဆုံး ဖြစ်ရသည်။

"ကိုယ်တယောက်လုံး ရှိပါတယ် အိရယ်"

လို့ အားပေးရင်း သမီးနာမည်ကို 'ချောအိ' တွင်စေရမည်ဟု အခမ်းအနားမပါ ကြေညာခဲ့သည်။ မတင်အိရဲ့ 'အိ' တလုံးကို တမြတ်တနိုး အမွေဆက်ခံစေပါသည် ဆိုသော်ငြား အရာရာ ထွင်းဖောက်ကြည့်မြင်လေ့ရှိသည့် ဝမ်းတွင်းစုန်းမ ကြွယ်ကတော့ -

"ဝတ္ထုစာအုပ်ထဲက ဇာတ်လိုက်ကောင်မလေး တယောက်ယောက်ရဲ့ နာမည်များလား နီအောင်ရယ်"

ဟု ထောက်လှမ်းသေး၏။

သမီးလေး ချောအိ တနှစ်ပြည့်စမှာ ကြွယ် နယ်ပြောင်းရလေသည်။ ဆေးခန်းကို ကြွယ့်မိတ်ဆွေ ဒေါက်တာ ရိုစလင်းလျောင်း ဆိုသည့်


mgyoe.com

mgyoe.com
SAMPLE BOOK
တရုတ်ကပြား ဆရာဝန်မ တဦးက လွှဲပြောင်းယူသော်လည်း မတင်အိကား ပိုနေမြဲ ကျားနေမြဲ။ ဆေးခန်းအကူအဖြစ် တက်ကြွဆဲ။

ဇနီးဖြစ်သူက ဝင်ငွေကလေး အသင့်အတင့် ရှိနေတော့ နဂိုက ရှေ့ရေးနောက်ရေး ပူပန်ခြင်း မရှိလှသော နီအောင်အဖို့ စိတ်ရောကိုယ်ပါ လွတ်ချင်တိုင်း လွတ်နေလေသည်။

စာအုပ်အဟောင်း အရောင်းအဝယ် မကောင်းလှသည့်တိုင် လက်ဖက်ရည်ဖိုးလောက်တော့ မှန်မှန်ဝင်လေသည်။ လက်ဖက်ရည်ဆိုင် မှန်မှန်ထိုင်ဖြစ်သည်။ ဟိုဒီရောက်တတ်ရာရာ စကားပွဲပွဲရင်း အဖော်ကောင်းကောင်းသလို တိတ်တဆိတ် ဆွေးနွေးပွဲများသို့ ရောက်ဖြစ်ပြန်သည်။ လျှို့ဝှက် စာတမ်းများကို ဖတ်ရှုရင်း လက်ဆင့်ကမ်းဖြစ်ပြန်၏။

သို့ဖြင့် မြေနီကုန်း လဟာပြင်စျေးထောင့်မှာ စာရွက်တထပ်နှင့် ယောင်ပေပေ ရပ်နေသော နီအောင် တယောက် တတိယအကြိမ်မြောက် အင်းစိန်မြေကို နင်းရပြန်သည်။ နီအောင့်နေအိမ်ကိုပါ သက်ဆိုင်ရာက ဝိုင်း၍ ရှာကြံ ဖွေကြသေး၏။ ဘာတခုမှ မတွေ့ရသော်လည်း ဆေးခန်းပိုင်ရှင် ဒေါက်တာရိုစလင်းလျောင်းက ဒေါသူပုန်ထသည်။ ရှုပ်ရှုပ်ယှက်ယှက်တွေ မလိုချင်ဘူး။ ဆေးခန်းနာမည် ပျက်တယ်ဟု ဆိုသည်။ ညတွင်းချင်း ကျော့ကော့ ဆင်းခဲ့ရသော မတင်အိတို့ သားအမိအဖြစ်ကို တွေးကြည့်တိုင်း နီအောင် ယူကျုံးမရချင်။

သမီးတကောင်နှင့် ပြေးစရာမြေ မရှိ ဖြစ်နေသော မတင်အိတို့ကို ကြွယ့်လက်ထက်ကတည်းက ရင်းနှီးလာသည့် ပန်းနာရင်ကျပ် ရောဂါရှင် နာတာရှည် အဘွားကြီး တယောက်က သနားသဖြင့် ခေါ်ထား၍ ခိုကိုးရာ ရခဲ့သည်။

ဥတ္တလစ် သစ်ဆိုင်နောက်ဘက်က ကျုံးကျော်မြေကွက်ထဲမှာ တဲသာသာ အိမ်ကလေးနှင့် အဘွားကြီး သားအမိ မိန်းမသူနှစ်ယောက်တည်း အိမ်ဆိုင်ကလေး ဖွင့်နေကြသည်။ မတင်အိတို့ သားအမိကို အဖော်တိုးတာပေါ့ဟု အရိုးခံအတိုင်း ဝမ်းသာအားရ ရှိနေကြလေသည်။

နေစရာ ရပြန်တော့ စားစရာအတွက် ရုန်းကန်ရပြန်၏။ အဘွားကြီးသားအမိမှ တဆင့်ဆက်သွယ်ပြီးအနီးအနားက ရန်ကင်းတိုက်ခန်းများတွင် အိမ်တကာ လှည့်၍ အဝတ်ဖွပ်သည်။ မောသည်၊ ပန်းသည် အလုပ်


mgyoe.com

mgyoe.com SAMPLE BOOK
ရွေး၍ မဖြစ်၊ သားအမိနှစ်ယောက် ပါးစပ်နှစ်ပေါက်သာမက မကြာမီ တိုးပွားလာ လတ္တံ့သော နီအောင့် ဒုတိယကိုယ်ပွားက မတင်အိ ဝမ်းကြာတိုက်မှာ ကိန်း ဝပ်နေခဲ့လေပြီ။

ပြီးတော့ နီအောင့်အတွက် ထောင်ဝင်စာ တွေ့ဖို့ကလည်း လိုသေးသည် မဟုတ်လား။ အတွေ့အကြုံ ရင့်ကျက်ပြီး နီအောင်က ရှေ့နေမငှားလို့။ အမှုရှည်ရုံ ရှိမှာပဲ။ သက်သေခံ အထောက်အထားနှင့်တကွ ခိုင်ခိုင်လုံလုံ မိထားတာ။ ထောင်ကျဖို့ သေချာတယ်။ အဲဒီတော့ သားအမိသာ ဖြစ်အောင် ကြည့်နေဟု အားပေးရှာ၏။

ဘာပဲဖြစ်ဖြစ် မတင်အိကတော့ နေ့စေ့လစေ့ မွေးဖွားလုနီးသည် အထိ ထောင်ဝင်စာ မှန်မှန်လာတွေ့သည်။ နွားဆေးလိပ်လေး အစ၊ လမ်းဘေး ခေါက်ဆွဲကြော်လေး အစ အမြဲ ဝယ်လာတတ်သည်။

"ကန်စွန်းရွက်ချည်း စားမနေနဲ့နော် အိ၊ နောက် ကိုယ့်ဖို့ ဘာမှ မယူခဲ့နဲ့၊ အိလဲ မွေးဖွားခါနီးပြီ၊ နားဦး၊ ကျန်းကျန်းမာမာရှိမှ သား ပြရင်း လာတာပေါ့"

ဟု အကြင်နာစကား ဆိုတော့ မတင်အိ မျက်ရည်လည်သည်။

"သမီးမွေးခဲ့တဲ့ အရှေ့ပိုင်းဆေးရုံမှာလေ၊ ကျွန်မ ဗိုက်အပ်ထားတယ်၊ ခု တပတ်တခါ သွားသွားပြနေရတယ်၊ ကျွန်မ နေကောင်းပါတယ်၊ ဒီတခါ လွယ်မှာပါ"

'ရှင်နဲ့ ဒေါက်တာကြွယ် ရှိနေရင် ကျွန်မ ဘာကိုမှ မကြောက်ဘူး'

ဟု အားကိုးတကြီး ပြောခဲ့ဖူးသော မတင်အိသည် ယခုတော့ ဒေါက်တာကြွယ်လည်း မရှိ၊ မိမိလည်း တလောက ခြားခဲ့ပြီ ဖြစ်ပါလျက် သူ့ခြေထောက်ပေါ် သူ ရပ်ရင်း ရဲရင့်နေပေပြီ။

'လူ့ဘဝ အလှည့်အပြောင်းတို့သည် ဆန်းကြယ်လှဘိ၏။ နေရောင်မှာ အရာရာသည် အဆန်းတကြယ် ဖြစ်၏'

ဆိုသော ဘားနာ့ဒ်ရှော၏ အဆိုအမိန့်ကို သတိရသည်။

*


mgyoe.com

mgyoe.com SAMPLE BOOK

ခြောက်နှစ်နှင့် ရှစ်လတင်းတင်း ပြည့်သောနေ့မှာ ဝွတ္တလစ်ဈေး ထိပ်တွင် သူ ရပ်နေလေသည်။ ဘတ်စ်ကားမှတ်တိုင်တွင် ရေခဲချောင်း ရောင်းနေသော ကလေးနှစ်ယောက်ကို ချဉ်းကပ်ကာ -

"ကလေးတို့က ဒီနားမှာ နေသလား"

ဟု မေးမိသည်။

အကြီးမလေးက ကြောင်တောင် ရပ်ငေးနေဆဲ သွက်လက်သော အငယ်ကောင်က-

"ဟုတ်တယ် ခင်ည"

"ဒါဖြင့် ဥယျာဉ်ခြံမြေ ဆိုတာ ဘယ်နားက သွားရသလဲကွာ၊ ကျူးကျော်ရပ်ကွက်လေ"

ကောင်လေးက ဂလိုင်ကို တချက်နှစ်ချက် လှုပ်ရင်း မှုန်ကုပ်ကုပ်


mgyoe.com

mgyoe.com SAMPLE BOOK

နှင့်-

"ဘဒုအိမ် သွားမှာလဲ"

"ဩော်... ကုန်စုံဆိုင် ရောင်းတဲ့ မသိန်းနွဲ့ သူ့အမေက ဒေါ်ဖွားမို လေ၊ မင်းတို့ သိ..."

"အဲဒါ ကျွန်တော်တို့အိမ်ပဲ၊ ဒေါ်လေးက ယောက်ျားယူသွားလို့ ဘွားဘွားနဲ့ ကျွန်တော်တို့ အမေပဲ ရှိတယ်"

"ဟဲ့... ကောင်လေး"

ဟု သူ့အစ်မက ဝင်တားမြစ်သည်ကို ဂရုမစိုက်ဘဲ -

"မမ၊ နင် ဆက်ရောင်းတော့၊ ငါ အိမ်လိုက်ပြပေးချေဦးမယ်"

ပြောပြောဆိုဆို လှစ်ခနဲ ရှေ့မှ ပြေးနှင့်လေသည်။

နီအောင့်ရင်ထဲမှာ ထိတ်ခနဲ ဆူပွက် ခုန်လှုပ်သွားကာ -

"နေပါဦး သမီးရယ်၊ သမီးတို့ အမေက ဘယ်သူ..."

"မတင်အိ၊ အဖေက ကိုနီအောင် တဲ့၊ ထောင်ကျနေတယ်"

'အမှန်တရားသည် ခါးသီး၏' ဟု နီအောင် မှတ်သားခဲ့ဖူးသည်။

အမှန်ကို ပြတ်သားစွာ ဆိုလိုက်သော သမီးစကားလုံးများက နီအောင့်နားထဲမှာ ထိရှနိုင်လွန်းပေသည်။

*


mgyoe.com